# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၅၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၅-၅-၂၀၁၅ ] ( တနင်္လာနေ့ )

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **နိုင်ငံတော်အတွင်း ခေတ်အဆက်ဆက်တည်ထောင်ထားခဲ့သောဆည်များ နှစ်ရှည်လများ တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲ သစ်တောများ ပြုန်းတီးမှုကာကွယ်ပေးရန်နှင့် အစဉ်ထာဝရကောင်းမွန်နေစေရန် မည်သည့်အစီအမံများဖြင့် စီမံဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **မယ်စဲ့မြို့ပေါ်အပြင် ပတ်ဝန်းကျင်ကျေးရွာများကို သစ်တောမြေအဖြစ်မှ မြို့မြေ၊ ရွာမြေအဖြစ်သို့ လည်းကောင်း မြေကြီးနှင့်မြေပုံကွဲလွဲနေသော ရွာအချို့အား ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်တို့ကိုသိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်သန္တာ၊ တံတားဦး မဲဆန္ဒနယ်၏ **ကျောက်ဆည်မြို့နယ်၊ ကွင်းအမှတ်–၂၀၉ (က)(ခ)၊ ကွင်းအမှတ်–၂၁၂(က)တို့မှ ရွှေသာလျောင်းတောင် ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းတည်ထောင်ရာတွင် မပါဝင်သော လယ်မြေများကို မူလဦးပိုင်ပေါက် တောင်သူ (၃၀)ဦးက စိုက်ပျိုးလုပ်ပိုင်ခွင့်ပြန်လည်ချထားပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်၊ လက်ဝဲမြောင်းမကြီးဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် သက်ဆိုင်ရာ တောင်သူများအား ထိုက်သင့်သော နစ်နာကြေးများ ထုတ်ပေးရန်နှင့် မြောင်းမကြီးတွင် လက်တံခွဲ၊ လက်တံသွယ်နှင့် ရေယူမြောင်းများကို ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်၏ **မိုင်းပြင်းမြို့၊ မူလတန်းကြို စာသင်ကျောင်းတစ်ကျောင်းကို လူမှုဝန်ထမ်းဌာနပိုင် စာသင်ကျောင်းအဖြစ် သတ်မှတ်ပေးရန်၊ လက်ရှိဖွင့်နေသော ပြည်ထဲရေးဝန်ကြီးဌာနပိုင် မြေနေရာအား လူမှုဝန်ထမ်းဌာနပိုင် မြေနေရာအဖြစ် သတ်မှတ်ကာ လွှဲပြောင်းဖွင့်လှစ်ပေးရန်နှင့် ကျယ်ဝန်းသပ်ရပ်သည့် မြို့မြေတစ်နေရာကို အနာဂတ် ရင်သွေးများအတွက် အဆင့်မြင့်သော မူကြိုကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **နိုင်ငံခြားသား ခရီးသည်များ ငွေလဲလှယ်ရေးအတွက် ရုံးပိတ်ရက်ရှည်များတွင် ဘဏ်များနှင့် Money Changer များကို ဗဟိုဘဏ်မှ ကွပ်ကဲ၍ အဓိကကျသော မြို့နယ်တိုင်း၌ အလှည့်ကျ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော **“ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော **“အမျိုးသား လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော **“တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။